

Third Story Project

in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks

ချစ်စရာ ဒေဝေါ

# ချစ်စရာ ဒေဝေါ

# Lovely Daywaw


မေတ္တာမိုးနှင်း (ပဲခူး)
Mitta Moe Hnin (Bago)
ကာတွန်းသရုပ်ဖော် – ကူကူး
Illustrated by Ku Kue

# သဒ်စတိုရီပရောဂျက်မှ ထွက်ရှိပြီးသောစာအုပ်များ



1. Everyone is Valuable 2. Swe Zin's Dance 3. Birds of a Feather 4. Tale of Two Pots 5. What Makes Us Beautiful 6. Frog and Snake 7. Phway Phway Won't Litter 8. Flying Cat



9. Pu Su's Adventures 10. Thiri Goes to Schoool 11. Ei Si the Duckling 12. Pone Pone's Garden 13. The Gardener 14. For the Love of Trees 15. Working Together 16. The Bridge



17. Superhero 18. Pho Maung and Friends 19. Little Chicken Egg 20. Little Bear's Hobby 21. Singer from Flower City 22. Playtime for Mee Su 23. Taungzalat Tale 24. Happy Journey



25. Robot Footballer 26. Jar Ni Goes to School 27. First Prize 28. Home 29. Maung Sola 30. Little Grey Umbrella 31. Oasis 32. Dee Ku and Bamboo Hat



33. Mi Mi Lay's Sandals 34. Journey to Happy Land 35. The Princess and Sugar Land 36. Village in the Clouds 37. Helpful Dragons 38. Little Bamboo 39. Teacher Guide 40. Activity Sheets



41. The Freedom Story 42. Sewing Needle, Spool of Thread and Five Brothers 43. Jay Jay the Journalist 44. Three Merchants 45. Pu Lone the Little Pillow



46. The Little Broom 47. Jungle People 48. Alphabet 49. Ko Ko and Po Po Save for a Bicycle 50. May May Loves You 51. Who is Wah Wah?

+959448311104 www.thirdstoryproject.com www.facebook.com/thirdstorychildrenbooks thirdstorychildrenbooks@gmail.com

# ချစ်စရာ့ ဒေဝေါ


မေတ္တာမိုးနှင်း (ပဲခူး)
Mitta Moe Hnin (Bago)

ကာတွန်းသရုပ်ဖော် – ကူကူး
Illustrated by Ku Kue




တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project


မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ – ဒေါ်အိပွင့်ရှိဖုံ (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် – ရွှေပုံနှိပ်တိုက် (မြဲ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။




မသဲဖြူဟာ မိုးရာသီကို မုန်းတယ်။ မိုးတွေသည်းသည်းမည်းမည်း ရွာပြီဆိုရင် စာသင်ခန်းရဲ့ထောင့်မှာ စိုးရိမ်ထိတ်လန့်စွာ သွားပုန်းနေတတ်သတဲ့။ ဆရာမက ဒါကို သတိထားမိတော့ မသဲဖြူကို မေးတယ်။ မိုးရွာရင် **ဒေဝေါကြီး** လာတတ်တယ်လို့ သူများတွေ ပြောဖူးတာကြောင့် မသဲဖြူက ကြောက်နေတာလို့ ပြောပြတယ်။



ဆရာမက  မသဲဖြူကို ကျောင်းစာကြည့်တိုက်ဆီ ခေါ်သွားတယ်။
ကျောင်းစာကြည့်တိုက်ရောက်တော့ မသဲဖြူဖတ်ဖို့
ရုပ်ပြစာအုပ်တစ်အုပ်ကို ပေးလိုက်တယ်။

မသဲဖြူက ရုပ်ပြစာအုပ်ကို
ဖွင့်ကြည့်လိုက်တော့ ရဲရဲတောက်နေတဲ့
နေလုံးကြီးနဲ့ ပင်လယ်ပြင်ကြီးကို
တွေ့တယ်။

နောက်စာမျက်နှာကိုထပ်လှန်တော့
ပင်လယ်ပြင်ကြီးထဲကထွက်လာတဲ့
အခိုးအငွေ့နဲ့တိမ်မည်းတွေ။



နောက်စာမျက်နှာတစ်ခုမှာတော့
တိမ်မည်းတွေဆီက မိုးရေစက်တွေဟာ
ပင်လယ်ပြင်ထဲ ကျဆင်းနေတယ်။
မသဲဖြူ သိပ်စိတ်ဝင်စားတာပဲ။





နေပူခြင်း၊ ရေငွေ့ပျံခြင်းနဲ့ မိုးရွာခြင်းသဘောကို
မသဲဖြူ တွေးမိတယ်။ နောက်စာမျက်နှာမှာ
ဒေဝေါကြီးကို တွေ့ရမှာလားပေါ့။
ဒါပေမဲ့ သူထင်သလို ဒေဝေါကြီး ကိုမတွေ့ရဘဲ
စိမ်းစိုနေတဲ့ သစ်ပင်ပန်းပင်တွေကို တွေ့ရတယ်။




ပြီးတော့ မိုးရေကိုသောက်နေတဲ့သတ္တဝါလေးတွေ၊ ရောင်စုံသက်တံကြီးနဲ့ လှပတဲ့တိမ်တွေကိုတွေ့ရတယ်။စာအုပ်အဆုံးထိ ဖတ်ကြည့်ပေမယ့် ဒေဝေါကြီး ကိုလည်း မတွေ့ရဘူး။



စာအုပ်ကိုပိတ်ပြီးကျောင်းစာကြည့်တိုက်အပြင်ကို ထွက်လာခဲ့တယ်။
အပြင်ကိုရောက်လို့ ကောင်းကင်ကြီးကိုမော့ကြည့်တဲ့အခါ
မိုးတိမ်တွေရဲ့အောက်မှာ ပျံသန်းနေတဲ့ငှက်ကလေးတွေကိုလည်းတွေ့ရတယ်။
ငှက်ကလေးတွေကလည်း ဒေဝေါကြီးကို မကြောက်ပါလားလို့
သူတွေးမိတယ်။



အမှန်တော့ ဒေဝေါကြီး ဆိုတာ တကယ်မရှိပါဘူး။ ဒေဝေါကြီးဆိုတာ
မိုးနတ်သားလည်း ဖြစ်ချင်ဖြစ်မှာပေါ့လို့ မသဲဖြူ တွေးမိတယ်။
အိမ်ကိုရောက်တော့ မသဲဖြူက မေမေ့ကိုပြောတယ်။ ဒေဝေါကြီးက
သိပ်ချစ်စရာကောင်းတာပဲမေမေ။



မေမေက ပြောတယ်။ ဒေဝါဆိုတာ မိုးနတ်သားပါသမီးရေ။
မိုးရေထဲကလေးတွေ ထွက်ဆော့ကြတဲ့အခါ ချော်လဲပြီး
အနာတရဖြစ်မှာ စိုးရိမ်ပြီး လူကြီးသူမတွေက ပြောခဲ့ကြတာ။



မေမေရေ့ . . **ဒေဝေါကြီး** က သိပ်ချစ်ဖို့ကောင်းတာပဲ။ သူကလှပတဲ့ အရာတွေကို ကမ္ဘာဖန်တီးပေးတယ်။ မသဲဖြူဟာ “ဒေဝေါကြီးရေ” လို့အော်ကာ သက်တံကြီးကို ကြည့်ပြီး ပျော်ရွှင်နေပါတော့တယ်။

# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ


မသဲဖြူက မိုးရာသီကို ဘာလို့ ပုန်းတာလဲ။



ဒေဝေါကြီးဆိုတာ ဘာလဲ။



မသဲဖြူဖတ်တဲ့ စာအုပ်ထဲမှာ ဘာတွေပါလဲ။
မှတ်မိသလောက် ပြောပြပါ။



ကလေးတို့ အကြိုက်ဆုံး ရာသီဥတုကို ပြောပြပါ။
ဘာဖြစ်လို့ ကြိုက်တာလဲ။

